ဂျီဘီအက်(စ်) လယ်ယာဝန်ဆောင်မှုလုပ်ငန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

G.B.S AGRICULTURAL SERVICES PUBLIC CO., LTD.

ရက်စွဲ ။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်။

**G.B.S Agricultural Services Public Co., Ltd ၏ Main Shareholder တစ်ဦးဖြစ်သည့် Good Brothers' Co., Ltd မှ အမြတ်ဝေစုအားစွန့်လွှတ်ကြောင်းကြေညာခြင်း**

၁။ Good Brothers' Co., Ltd. သည် G.B.S Agricultural Services Public Co., Ltd. (ASPGB) တွင် အစုရှယ်ယာအရေအတွက် (၅၂,၃၆၉,၆၀၀) အား တရားဝင်ပိုင်ဆိုင်ထားသည့် ရှယ်ယာရှင်ကုမ္ပဏီဖြစ်ပါသည်။

၂။ Good Brothers' Co., Ltd. သည် ASPGB မှ ထုတ်ပြန်ကြေညာထားသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမြတ်ဝေစုအား ASPGB ကုမ္ပဏီ၏ အကျိုးကိုရှေးရှုပြီး အနာဂတ်တွင်ကုမ္ပဏီလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ရရှိသောအမြတ်ဝေစု ကျပ် ၁,၃၀၉,၂၄၀,၀၀၀/- (ကျပ်တစ်ထောင့်သုံးရာ့ကိုးသန်းနှစ်သိန်းလေးသောင်းတိတိ) အား ဆန္ဒအလျောက်စွန့်လွှတ်ရန်တင်ပြလာမှုအပေါ် ASPGB ၏ BoD အဖွဲ့မှ သဘောတူလက်ခံကြောင်း ၂၀၂၆ ခုနှစ် ဇွန်လ (၅) ရက်နေ့တွင်ကျင်းပသည့် (၂/၂၀၂၆-၂၀၂၇) ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၃။ Good Brothers' Co., Ltd. သည် ASPGB ထံမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်ရရှိလာမည့် အမြတ်ဝေစုအား မည်သည့်အပြန်အလှန်ပေးလျော်မှုကိုမျှမယူဘဲချွင်းချက်မရှိ ၁၀၀% အပြီးအပိုင်စွန့်လွှတ်ခြင်းအား အစုရှယ်ယာရှင်များထံသို့တင်ပြအပ်ပါသည်။

၄။ ဤစွန့်လွှတ်ခြင်းသည် အထက်တွင်ဖော်ပြထားသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက်ကြေညာခဲ့သည့် အမြတ်ဝေစုအတွက်သာဖြစ်ပြီး ၊ အနာဂတ်တွင်ကြေညာမည့်အမြတ်ဝေစုများနှင့် သက်ဆိုင်ခြင်းမရှိပါ။

၅။ ယခုစွန့်လွှတ်ခြင်းသည် Good Brothers' Co., Ltd. နှင့်တကွ ၎င်းတို့၏အမွေစားအမွေခံများ ၊ တရားဝင်ကိုယ်စားလှယ်များ နှင့် ဥပဒေအရဆက်ခံသူများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည်။

19-10-2026

**Kyaw Mya Han**
**Managing Director**
**GBS Agricultural Services Public Co.,Ltd**

No.(22), Bayint Naung Road, Thirimon Housing, Hlaing Township, Yangon, Myanmar.

01-3682147, 3681983 www.gbs.com.mm